## မာတိကာ


ကျေးဇူးတင်လွှာ
ကတူးသန်းနိုင်၏ အမှာစာ
ပါစ္စတာ အာဖြဟံ၏ အမှာစာ
စာရေးသူ သာလှမြို(စိုင်းတင်)၏ အမှာစာ

**အခန်း(၁)**

မြန်မာ့သမိုင်း ၁၃-၁၈
"History of Burma" By Lieut.General Sir Arthur P. Phayre.

**အခန်း(၂)**

ဘူးသီးတောင်မြို့နယ် ချင်းတောင်ဒေသ(စိုင်းဒင်)တွင် နေထိုင်ကြသော အဝခမီ၊ မရို(မြို) ၁၉-၆၇
နှင့် အရိုင်းခမီလူမျိုးများအကြောင်း (ဦးဘသင်း၊ ဒုတိယအုပ်ချုပ်ရေးမှူး၊ ဘူးသီးတောင်)
"The Awa Khamis, Ahraing Khamis, and Mros in the Chin Hill Area (Saingdin), Buthidaung Township" By U Ba Thin, Assistant, Township Officer, Buthidaung.

**အခန်း(၃)**

ပုဏ္ဏားကျွန်းမြို့နယ်၊ ပုဏ္ဏားကျွန်း ချင်းတောင်ဒေသတွင် နေထိုင်ကြသော အဝခမီ၊ ၆၈-၇၂
မရို(မြို)နှင့် အရိုင်းခမီလူမျိုးများအကြောင်း(ဦးအုန်းဖေ၊ လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပုဏ္ဏားကျွန်း)
"The Awa Khamis, Ahraing Khamis and Mros in the Ponnagyun Chin Hills, Ponnagyun Township" (By U Ohn Pe, Assistant , Township Officer, Ponnagyun)

**အခန်း(၄)**

အဝခမီ၊ မြို(မရို)၊ အရိုင်ခမီ၊ စစ်တွေဒိစတြိတ်ရှိ ချင်းများအကြောင်း(ဆရာတင်) ၇၃-၈၅

**အခန်း(၅)**

ပုဏ္ဏားကျွန်းမြို့နယ်၏ မြောက်ဘက်တောင်တန်း ၈၇-၁၂၀
ဦးဘမြိုင်(လက်ထောက်တရားသူကြီး၊ ပြည်မြို့)
"The Northern Hills of the Ponnagyun Township" By U Ba Myaing,(Assistant Judge, Prome)

**အခန်း(၆)**

အလှူမင်္ဂလာကုသိုလ်ပွဲကျင်းပခြင်း ၁၂၂-၁၂၄

ဆွေမျိုးသားချင်းတော်စပ်ပုံနှင့် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ၁၂၄-၁၂၉
စည်းမျဉ်းစည်းကမ်းများ (စီဒီဘရွန်းနှင့် လော့ဖလ်)
"Cattle Ceremories and Feast of merit '' By C.D Brauns and Löffler,1990.

**အခန်း(၇)**
**ဝတ်စားဆင်ယင်မှုဓလေ့ထုံးစံများ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မရူလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုဓလေ့ထုံးစံ (ဝီလျံဗန်သျှံဒီ) ၁၃၁-၁၅၅
"The Naked Mru of Bangladeshs" By Willem Van Schendel.

**အခန်း(၈)**
**ဂီတအနုသုခမ**

မြူလူမျိုးတို့၏ ရိုးရာလေမှုတ်တူရိယာများ (ဖရန်ဆွာဂရန်၊ ပီအဲရဲဘောအစ်) ၁၅၇-၁၆၄
"RITUAL MOUTH-ORGENS OF THE MURUNG (BANGLADESHS)" BY FRANGOISE GRUND.PIERRE BOIS

**အခန်း(၉)**
**ကျန်းမာရေး**

မြိုရိုးရာ တိုင်းရင်းဆေးပညာ (Moumina. Dorgabekova) ၁၆၆-၁၇၄

ဆရာဝန်(ဒေါက်တာ)ဖြင့် ပြသခြင်း ၁၇၅-၁၇၇
(အနောက်တိုင်းဆေးပညာ၊ NGO, UNDP အဖွဲ့အစည်းများ)

ကိုယ်ဝန်ဆောင်နှင့် သားဖွားမီးယပ်ဆိုင်ရာ ကျန်းမာရေးသုတေသနစာတမ်း ၁၇၇-၁၉၅
ကောက်နုတ်ချက် (သုတေသနပြုလုပ်လေ့လာသည့်နေရာ) (Md.Rakibul Islam)

**အခန်း(၁၀)**
**ဘာသာဗေဒ**

မြိုဘာသာစကား၏ ဘာသာဗေဒကို စိစစ်လေ့လာခြင်း (အမ်ဒီမိုစတာဖာရာရှဲ) ၁၉၇-၂၁၄

ဂရီယာဆင်၏ အိန္ဒိယဘာသာဗေဒစစ်တမ်း၌ ဖော်ပြထားသော မရူနှင့် ခမီအကြောင်း ၂၁၄-၂၃၁

**အခန်း(၁၁)**

မြိုလူမျိုးများပျံ့နှံ့နေထိုင်ရာအရပ်ဒေသများနှင့် သမိုင်းနောက်ခံအခြေအနေ ၂၃၄-၂၃၅

ဘင်္ဂလားဒေ့ရှ် အစိုးရ၏ မူဝါဒနှင့် နိုင်ငံရေးရာ ဆောင်ရွက်ချက်များ ၂၃၆-၂၄၂

**အခန်း(၁၂)**

မြို၊ ခမီ၊ ခူမီး ဟူသော မူကွဲဝေါဟာရကိုရှာဖွေခြင်း ၂၄၄-၂၄၇

အနူး၊ ခေါင်စိုအကြောင်း ၂၄၈-၃၀၉
(က) အင်္ဂလိပ်တို့မှတ်တမ်းတွင် ဖော်ပြသော
အနူး၊ အခေါင်စိုအကြောင်းနှင့် မူကွဲအမည်များ
(ခ) အသွင်သဏ္ဍာန်နှင့် ဝတ်စားဆင်ယင်မှု
(ဂ) ဘာသာစကား
(ဃ) နေထိုင်ရာဒေသ
(င) အနူး၊ ခေါင်စို၊ မြို(လောင်ဟူး) ဝေါဟာရနှိုင်းယှဉ်ချက်
(စ) အနူး၊ ခေါင်စို၊ အဆန် ဝေါဟာရနှိုင်းယှဉ်ချက်
(ဆ) အနူး၊ ခေါင်စို ရိုးရာဝတ်စားဆင်ယင်ပုံ
(ဇ) မြိုလူမျိုးတို့၏ တောင်ယာလုပ်ငန်း၊ လူသေသဂြိုဟ်ခြင်းနှင့်
ရိုးရာပစ္စည်းများ

နိဂုံး ၃၁၀-၃၁၂
မှီငြမ်းကိုးကားစာအုပ်များ ၃၁၃-၃၁၇
အက္ခရာစဉ်အညွှန်း ၃၁၈-၃၂၃
စာရေးသူ သာလှမြို၏ အတ္ထုပ္ပတ္တိအကျဉ်း ၃၂၄
စာအုပ်ဖြစ်ပေါ်လာရေးကြိုးပမ်းမှု ၃၂၅-၃၂၉
စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူငွေထည့်ဝင်သူများစာရင်း ၃၃၀


ရခိုင်သမိုင်းမှတ်တမ်းများ၌ ထဲထဲဝင်ဝင် ဖော်ပြပါရှိတတ်သော လူမျိုးစု ၃ စုဖြစ်သည့် မြို၊ ခမီနှင့် ခူမီးတို့သည် အတိတ်သမိုင်းကာလမှစ၍ မျက်မှောက်ခေတ်ကာလအထိ ကစ္ဆပနဒီမြစ် ခေါ် ကုလားတန်မြစ်ဝှမ်းဒေသတွင် မှီးတင်နေထိုင်လျက်ရှိကြသည်။ "ကစ္ဆပနဒီ" ဟူသော ဝေါဟာရသည် မိမိကိုယ်ကိုယ် မရူ ဟုခေါ်သော မြိုတို့၏ ဘာသာစကားအရ "သားယောကျ်ားကိုရသည့်နေရာ"ဟု အဓိပ္ပါယ်ရပါသည်။ ၎င်းမြစ်ပေါ်တွင် မရာယုမင်းသူငယ်တော်ကို ကောက်ယူရရှိခဲ့သည်ဟူသော ရှေးဟောင်းဒဏ္ဍာရီကို အစွဲပြု၍ ထိုသို့ခေါ်ဝေါ်ခြင်းဖြစ်သည်။ ၎င်းအမည်ကို အစွဲပြု၍ "ကဆပမိဒီ" မှ "ကစ္ဆပနဒီ"သို့ ပြောင်းလဲလာခြင်းဖြစ်သည်ဟု မြိုလူမျိုးတို့က ယနေ့တိုင်အောင် ယုံကြည်လျက်ရှိသည်။

ဤစာအုပ်တွင် ကစ္ဆပနဒီမြစ်ဝှမ်းရှိ မြို၊ ခမီနှင့် ခူမီးတို့၏ အကြောင်းအရာများကို ဖော်ပြရာတွင် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာ၌ ဖော်ပြပါရှိသော ဘူးသီးတောင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဘသင်းနှင့် ပုဏ္ဏားကျွန်းမြို့နယ် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုန်းဖေတို့၏ မှတ်တမ်းများ၊ ၁၃၀၁ ခုနှစ် နန်းတော်ရှေ့ဆရာတင်၏ မှတ်တမ်း၊ ၁၉၃၄ ခုနှစ် ပုဏ္ဏားကျွန်းမြို့နယ်မြောက်ပိုင်း လက်ထောက်တရားသူကြီး ဦးဘမြိုင်၏ မှတ်တမ်း၊ ၁၈၅၀ ပြည့်နှစ်ဝန်းကျင် ဗြိတိသျှအာဏာပိုင်များဖြစ်သော ဆာအာသာဖယ်ယာ၊ ကပ်ပတိန်လဲဝင်း၊ ဒဗလျူဟန်တာ၊ ဟုတန်နှင့် စတီဆန် အမေရိကန်သာသနာပြုတို့၏ မှတ်တမ်း၊ ၁၉၉၀ ပြည့်နှစ် စီဒီဘရွန်းနှင့် အလ်ဂျီလောဖောလ်တို့၏ မှတ်တမ်း၊ ၂၀၀၂ ခုနှစ် ဝီလျံဗန်သျှံဒီ ပြုစုသော ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မရူလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုဓလေ့ထုံးစံမှတ်တမ်း၊ ဖရန်ဆွာဂရန်နှင့် ပီအဲရဲသောအစ်တို့ ပြုစုသော မြို(မရို)လူမျိုးတို့၏ ရိုးရာလေမှုတ်တူရိယာများမှတ်တမ်း၊ ၂၀၀၉ - ၂၀၁၀ တွင် Mounina Dorgabekova နှင့် Md. Rakibul Islam တို့ ပြုစုသော မြိုရိုးရာတိုင်းရင်းဆေးပညာမှတ်တမ်း၊ ၂၀၀၉ ခုနှစ်တွင် Md Mostafa Rashel ပြုစုသော မြိုဘာသာစကား၏ ဘာသာဗေဒကို စိစစ်လေ့လာခြင်းမှတ်တမ်း စသည့် ပြည်တွင်းပြည်ပ စာအုပ်စာတမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် မြို၊ ခမီ၊ ခူမီး ဟူသော လူမျိုးစု သုံးခုအကြောင်းကို ကွဲကွဲပြားပြား ခွဲခြားနားလည်သွားစေမည်ဖြစ်သည်။ ထို့ပြင် မြိုလူမျိုးတို့သည် မြန်မာနိုင်ငံ၌သာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ပျံ့နှံ့နေထိုင်လျက်ရှိကြပုံကို ဤစာအုပ်၌ အသေးစိတ်ဖော်ပြထားပါသည်။